

# Chubb အနာဂတ်မဏ္ဍိုင်
# အသက်အာမခံ

CHUBB®

Chubb Life



စိန်ခေါ်မှု၊ ယှဉ်ပြိုင်မှုတွေ နဲ့နေ့စဉ်
တိုးတက်ပြောင်းလဲ နေတဲ့ ကမ္ဘာကြီးမှာ
လူသားတွေဟာ တောက်ပလာမယ့်
အနာဂတ်အတွက် အိပ်မက်ကိုယ်စီရှိကြတယ်..

အချို့အိပ်မက်တွေက ကိုယ်ကိုယ်တိုင်အတွက်
ဖြစ်သလို ကိုယ့်မိသားစုနဲ့ ကိုယ့်ဘဝရဲ့
အရေးကြီးဆုံး လူတွေအတွက်လည်း
ဖြစ်နေနိုင်ပါတယ်...

ဒီအိပ်မက်တွေအကောင်အထည်ဖေါ်ဖို့
ကြိုးစားချီတက် နေရင်း တစ်ခါတလေ
မထင်မှတ်ထားတဲ့ အချိန်မှာ မမျှော်မှန်းနိုင်တဲ့
အခြေအနေဆိုးတွေ ကြုံတွေ့လာခဲ့ရင်
ကိုယ်လုပ်ထားသမျှ အရာတွေအားလုံး
ရပ်တန့်လိုက်ရပြီပေါ့..

အရာအားလုံးရပ်တန့်လိုက်ရရင်တောင်
ကိုယ့်အနာဂတ်အိပ်မက်တစ်ခုလုံး မပျက်စီးစေဖို့
ကြိုတင် ပြင်ဆင်နိုင်မယ့်နည်းလမ်းကောင်းတစ်ခု
ရှိပါတယ်..

အဲဒါကတော့ Chubb အနာဂတ်မဏ္ဍိုင်
အသက်အာမခံ အစီအစဉ်ပဲ ဖြစ်ပါတယ်...

## Chubb အနာဂတ်မဏ္ဍိုင် အသက်အာမခံ

- Chubb အနာဂတ်မဏ္ဍိုင် အသက်အာမခံသည် ငွေစုဆောင်းနိုင်မည့်အပြင် အကာအကွယ် ပေးနိုင်သည့် အသက်အာမခံ အမျိုးအစားဖြစ်ပြီး ပညာရေး အသက်အာမခံဟုလည်း ခေါ်ဆိုနိုင်သည်။ ဤအသက်အာမခံသည် မိမိနှင့်အတူ မိသားစုအနာဂတ်နှင့် ကလေးများ၏ နောင်ရေး ပညာရေးအတွက် စိတ်ပူပင်သောက ကင်းဝေးစေရန်နှင့် ငွေကြေး အကာအကွယ် ပေးနိုင်ရန်ဖြစ်သည်။
- Chubb အနာဂတ်မဏ္ဍိုင် အသက်အာမခံအား ဝယ်ယူရာတွင် မတူညီသော အကျိုးခံစားခွင့် (၂)မျိုးအနက် မိမိကြိုက်နှစ်သက်ရာ အစီအစဉ်အား ရွေးချယ်ဝယ်ယူနိုင်သည်။

၁။ **Chubb အနာဂတ်မဏ္ဍိုင် အသက်အာမခံ အကျိုးခံစားခွင့်နှစ်ထပ်ကွမ်းရရှိမည့် အစီအစဉ်**

၂။ **Chubb အနာဂတ်မဏ္ဍိုင် အသက်အာမခံ အခြေခံအကျိုးခံစားခွင့်ရရှိမည့် အစီအစဉ်**

- Chubb အနာဂတ်မဏ္ဍိုင် အသက်အာမခံအား ဝယ်ယူထားသူသည် အာမခံသက်တမ်းအတွင်း ပရီမီယံကြေးပေးချေမှု ပြီးဆုံးမည့် ကာလမတိုင်မီသေဆုံးခြင်း(သို့) ထာဝစဉ်လုံးဝ မသန်စွမ်းခြင်းဖြစ်ပွားခဲ့သော် ကျန်ရှိသော အာမခံသက်တမ်းအတွက် ပေးသွင်းရမည့် အာမခံကြေး အား ထပ်မံပေးဆောင်ရန် မလိုတော့ဘဲ ကင်းလွတ်ခွင့် ရရှိမည်။ (ပရီမီယံပေးသွင်းရမည့် ကာလ – ၅နှစ်၊ ၇နှစ် (သို့မဟုတ်) ၁၀နှစ်)
- Chubb အနာဂတ်မဏ္ဍိုင် အသက်အာမခံ အကျိုးခံစားခွင့်ရှိသူအား အာမခံသက်တမ်း အတွင်း ပေးသွင်းရမည့် ပရီမီယံကြေးအားလုံး ပေးသွင်းပြီးနောက် သတ်မှတ်ထားသော အချိန်ကာလ ရောက်ရှိသည့်အခါ သက်တမ်းစေ့ အာမခံ အကျိုးခံစားခွင့်ကို ကုမ္ပဏီမှ ပြန်လည် ထုတ်ပေးမည် ဖြစ်ပါသည်။



## Chubb အနာဂတ်မဏ္ဍိုင်အသက်အာမခံ၏ အားသာချက်များ

- မိမိအနာဂတ်၊ မိမိ မိသားစု နောင်ရေးနှင့် သားသမီးများ၏ ပညာရေးအတွက် ငွေကြေးစုဆောင်းသည့် အလေ့အထကောင်း ရရှိစေခြင်း ။
- ခိုင်မာသောရန်ပုံငွေထားရှိခြင်းကြောင့် ကြိုတင်မမျှော်မှန်းနိုင်သော အဖြစ်အပျက်များ ဖြစ်ပေါ်လာခဲ့သော် မိမိနှင့် မိမိ မိသားစု၏ အနာဂတ်အိပ်မက်များရပ်တန့်မသွားစေခြင်း။
- ပေးသွင်းထားရသောပရီမီယံ ငွေပမာဏထက်ပိုသော အာမခံ အကျိုးခံစားခွင့် ရရှိနိုင်ခြင်း ။
- ပေးသွင်းရသော အာမခံပရီမီယံကြေး ပမာဏအား ဝင်ငွေခွန်ထဲမှ ထုတ်နုတ်တွက်ချက်ရန် နိုင်ငံတော်မှ ခွင့်ပြုထားသောကြောင့် ပေးဆောင်ရမည့် ဝင်ငွေခွန် သက်သာစေခြင်း။
- အာမခံအကျိုးခံစားခွင့်အပေါ် အခွန်ကင်းလွတ်ခွင့် ရရှိစေခြင်း ။
- အာမခံထားခြင်းမှရရှိမည့် အကျိုးခံစားခွင့်အား မည်သည့် အကြွေးရှင်မှ ဝရမ်းမကပ်နိုင်ခြင်း ။

Chubb အနာဂတ်မဏ္ဍိုင် အသက်အာမခံ အကျိုးခံစားခွင့် နှစ်ထပ်ကွမ်းရရှိမည့် အစီအစဉ် ဝယ်ယူထားသူရရှိနိုင်မည့် အကျိုးခံစားခွင့်များမှာ -

- သေဆုံးလျှင်ရရှိနိုင်သော အကျိုးခံစားခွင့်
- ထာဝစဉ်လုံးဝမသန်စွမ်းဖြစ်ခဲ့လျှင် ရရှိမည့် အကျိုးခံစားခွင့်
- ပရီမီယံ ကင်းလွတ်ခွင့်
- ပရီမီယံသက်တမ်းစေ့ အကျိုးခံစားခွင့် (အနာဂတ်ပညာရေး အကျိုးခံစားခွင့်)
- ပေါ်လစီစာရင်းပိတ်ခြင်း
- အမ်းငွေထုတ်ယူခြင်း
- ပေါ်လစီချေးငွေ ရနိုင်ခြင်း

Chubb အနာဂတ်မဏ္ဍိုင် အသက်အာမခံ အခြေခံအကျိုးခံစားခွင့် အစီအစဉ် ဝယ်ယူထားသူရရှိနိုင်မည့် အကျိုးခံစားခွင့်များမှာ -

- ပရီမီယံ ကင်းလွတ်ခွင့်
- ပရီမီယံသက်တမ်းစေ့ အကျိုးခံစားခွင့် (အနာဂတ်ပညာရေး အကျိုးခံစားခွင့်)
- ပေါ်လစီစာရင်းပိတ်ခြင်း
- အမ်းငွေထုတ်ယူခြင်း
- ပေါ်လစီချေးငွေ ရနိုင်ခြင်း

## Chubb အနာဂတ်မဏ္ဍိုင် အသက်အာမခံ

### အခြေခံအကျိုးခံစားခွင့်အစီအစဉ်

အာမခံထားချိန်၌ အာမခံထားသူ၏အသက် – ၃၀ | စုစုပေါင်းအာမခံထားငွေ – ၁၀,၀၀၀,၀၀၀ ကျပ်

| အာမခံသက်တမ်း | နှစ်စဉ်အာမခံကြေး | စုစုပေါင်းပေးသွင်းရမည့် အာမခံကြေး | ပရီမီယံသက်တမ်းစေ့ အကျိုးခံစားခွင့် * |
|---|---|---|---|
| ၉ နှစ် | ၁,၈၈၄,၀၀၀ ကျပ် | ၉,၄၂၀,၀၀၀ ကျပ် | ၁၀,၀၀၀,၀၀၀ ကျပ် |
| ၁၁ နှစ် | ၁,၂၇၂,၀၀၀ ကျပ် | ၈,၉၀၄,၀၀၀ ကျပ် | ၁၀,၀၀၀,၀၀၀ ကျပ် |
| ၁၄ နှစ် | ၈၅၂,၀၀၀ ကျပ် | ၈,၅၂၀,၀၀၀ ကျပ် | ၁၀,၀၀၀,၀၀၀ ကျပ် |

အာမခံထားချိန်၌ အာမခံထားသူ၏အသက် –၄၀ | စုစုပေါင်းအာမခံထားငွေ – ၁၀,၀၀၀,၀၀၀ ကျပ်

| အာမခံသက်တမ်း | နှစ်စဉ်အာမခံကြေး | စုစုပေါင်းပေးသွင်းရမည့် အာမခံကြေး | ပရီမီယံသက်တမ်းစေ့ အကျိုးခံစားခွင့် * |
|---|---|---|---|
| ၉ နှစ် | ၁,၉၀၈,၀၀၀ ကျပ် | ၉,၅၄၀,၀၀၀ ကျပ် | ၁၀,၀၀၀,၀၀၀ ကျပ် |
| ၁၁ နှစ် | ၁,၃၀၈,၀၀၀ ကျပ် | ၉,၁၅၆,၀၀၀ ကျပ် | ၁၀,၀၀၀,၀၀၀ ကျပ် |
| ၁၄ နှစ် | ၈၇၆,၀၀၀ ကျပ် | ၈,၇၆၀,၀၀၀ ကျပ် | ၁၀,၀၀၀,၀၀၀ ကျပ် |

### နှစ်ထပ်ကွမ်းအကျိုးခံစားခွင့် ရရှိမည့်အစီအစဉ်

အာမခံထားချိန်၌ အာမခံထားသူ၏အသက် – ၃၀ | စုစုပေါင်းအာမခံထားငွေ – ၁၀,၀၀၀,၀၀၀ ကျပ်

| အာမခံသက်တမ်း | နှစ်စဉ်အာမခံကြေး | စုစုပေါင်းပေးသွင်းရမည့် အာမခံကြေး | ပရီမီယံသက်တမ်းစေ့ အကျိုးခံစားခွင့် * | သေဆုံး(သို့) ထာဝစဉ်မသန်စွမ်းဖြစ်ခဲ့သော် အကျိုးခံစားခွင့် ** |
|---|---|---|---|---|
| ၉ နှစ် | ၂,၀၁၆,၀၀၀ ကျပ် | ၁၀,၀၈၀,၀၀၀ ကျပ် | ၁၀,၀၀၀,၀၀၀ ကျပ် | ၁၀,၀၀၀,၀၀၀ ကျပ် |
| ၁၁ နှစ် | ၁,၄၀၄,၀၀၀ ကျပ် | ၉,၈၂၈,၀၀၀ ကျပ် | ၁၀,၀၀၀,၀၀၀ ကျပ် | ၁၀,၀၀၀,၀၀၀ ကျပ် |
| ၁၄ နှစ် | ၉၈၄,၀၀၀ ကျပ် | ၉,၈၄၀,၀၀၀ ကျပ် | ၁၀,၀၀၀,၀၀၀ ကျပ် | ၁၀,၀၀၀,၀၀၀ ကျပ် |

အာမခံထားချိန်၌ အာမခံထားသူ၏အသက် –၄၀ | စုစုပေါင်းအာမခံထားငွေ – ၁၀,၀၀၀,၀၀၀ ကျပ်

| အာမခံသက်တမ်း | နှစ်စဉ်အာမခံကြေး | စုစုပေါင်းပေးသွင်းရမည့် အာမခံကြေး | ပရီမီယံသက်တမ်းစေ့ အကျိုးခံစားခွင့် * | သေဆုံး(သို့) ထာဝစဉ်မသန်စွမ်းဖြစ်ခဲ့သော် အကျိုးခံစားခွင့် ** |
|---|---|---|---|---|
| ၉ နှစ် | ၂,၁၁၂,၀၀၀ ကျပ် | ၁၀,၅၆၀,၀၀၀ ကျပ် | ၁၀,၀၀၀,၀၀၀ ကျပ် | ၁၀,၀၀၀,၀၀၀ ကျပ် |
| ၁၁ နှစ် | ၁,၅၀၀,၀၀၀ ကျပ် | ၁၀,၅၀၀,၀၀၀ ကျပ် | ၁၀,၀၀၀,၀၀၀ ကျပ် | ၁၀,၀၀၀,၀၀၀ ကျပ် |
| ၁၄ နှစ် | ၁,၀၆၈,၀၀၀ ကျပ် | ၁၀,၆၈၀,၀၀၀ ကျပ် | ၁၀,၀၀၀,၀၀၀ ကျပ် | ၁၀,၀၀၀,၀၀၀ ကျပ် |

* အထက်တွင်ဖော်ပြထားသောပရီမီယံသက်တမ်းစေ့အကျိုးခံစားခွင့် သည် ပရီမီယံပေးသွင်းရမည့် သက်တမ်းပြီးဆုံးချိန် မှစ၍ အာမခံသက်တမ်းစေ့ရက်ရောက်သည့်နေ့အပါအဝင် တစ်နှစ်ပြည့်သည့် နေ့သို့ရောက်တိုင်း အာမခံထားငွေ၏ ၂၀% စီကို နှစ်စဉ်အချိုးကျရရှိခံစားရမည်ဖြစ်သည်။

** နှစ်ထပ်ကွမ်းအကျိုးခံစားခွင့်အစီအစဉ်အရ အာမခံထားသူ သေဆုံး (သို့) ထာဝစဉ်မသန်မစွမ်းဖြစ်ခဲ့ပါက အာမခံထားငွေကို အကျိုးခံစားခွင့်ရှိသူအား ထုတ်ပေးပါမည်။

## ငွေပေးချေမှု

- ပေးဆောင်ရမည့်ပရီမီယံတန်ဖိုးသည် အာမခံထားသူ၏ အသက်၊ အာမခံသက်တမ်း နှင့် အာမခံထား ငွေပေါ်မူတည်၍ ပြောင်းလဲပါမည်။

- ကျွန်တော်တို့၏အရောင်းကိုယ်စားလှယ်များမှ လူကြီးမင်း ရွေးချယ်ထားသော အသက်အာမခံ သက်တမ်းပေါ်မူတည်၍ ပေးဆောင်ရမည့် ပရီမီယံကြေး ပမာဏအား ကူညီတွက်ချက်ပေးပါမည်။

- ပရီမီယံကြေးအား ၃လတစ်ကြိမ် (သို့) ၆လ တစ်ကြိမ်(သို့) ၁နှစ်တစ်ကြိမ် ပေးချေနိုင်ပါသည်။

## အာမခံထားသူအတွက် အသက်ကန့်သတ်ချက် ရှိလား

- အာမခံထားသူ၏ အသက်အပိုင်းအခြားမှာ ၁၈ နှစ်မှ ၅၆ နှစ် အတွင်း ဖြစ်ရမည်။

- အာမခံထားသူ၏ အသက်၆၅နှစ်အထိသာ အာမခံ ထားရှိနိုင်သောကြောင့် အာမခံ ဝယ်ယူသည့် အချိန်၌ အသက်၅၆နှစ်ပြည့်ပြီး သူသည်အာမခံသက်တမ်း အများဆုံး (၉)နှစ်သာ ရွေးချယ်ဝယ်ယူနိုင်မည်ဖြစ်သည်။

## အာမခံသက်တမ်း

- အာမခံသက်တမ်းအား (၉)နှစ်၊ (၁၁)နှစ် နှင့် (၁၄)နှစ် အဖြစ် သတ်မှတ်ထားပါသည်။

## ဘယ်သူတွေ Chubb အနာဂတ်မဏ္ဍိုင် အသက်အာမခံ ဝယ်လို့ရလဲ

- မိမိ နောင်ရေးအတွက်သော်လည်းကောင်း မိမိ၏ မိသားစုနောင်ရေးအတွက်သော် လည်းကောင်း မိမိ၏သားသမီး ပညာရေး အတွက်သော်လည်းကောင်း မိမိ၏အသက်ကို အာမခံထားနိုင်ပါသည်။

## ပရီမီယံကြေးပေးသွင်းရမည့် ကာလအပိုင်းအခြား

- အာမခံပေါ်လစီအတွက် ပရီမီယံကြေး ပေးသွင်းရန် သက်တမ်းမှာ သက်ဆိုင်ရာ အာမခံသက်တမ်းပေါ်မူတည်၍ (၅)နှစ်၊ (၇)နှစ်၊ (၁၀)နှစ်စသည်ဖြင့် ပေးသွင်းရမည် ဖြစ်ပါသည်။

## အာမခံထားနိုင်သောငွေပမာဏ

- အာမခံထားနိုင်သည့် ငွေပမာဏအနည်းဆုံး ကျပ်သိန်း (၅၀) မှစ၍ ဝယ်ယူနိုင်သည်။

| | | | |
|---|---|---|---|
| အာမခံ သက်တမ်း | (၉)နှစ် | (၁၁)နှစ် | (၁၄)နှစ် |
| ပရီမီယံကြေး ပေးသွင်းရသည့်ကာလ | (၅)နှစ် | (၇)နှစ် | (၁၀)နှစ် |

လိပ်စာ - Chubb Life Insurance Myanmar Limited.
၁၈လွှာ၊ Office တာဝါ (၂)၊ မြန်မာစင်တာ၊ (၁၉၂)
ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်း မြို့နယ်၊ ရန်ကုန်မြို့။
အီးမေးလ် - InfoChubbLifeMyanmar@Chubb.com
ဖုန်း (ရုံး) - +၉၅ ၉၇၅၀၀၆၆၉၀၈

Chubb သည် ကမ္ဘာ့အကြီးဆုံး ပိုင်ဆိုင်မှုနှင့် မတော်တဆထိခိုက်မှုဆိုင်ရာ အများပိုင် အာမခံကုမ္ပဏီ (P&C insurance company)များမှ တစ်ခု ဖြစ်ပြီး အမေရိကန်နိုင်ငံ၏ အကြီးဆုံးသော Commercial အာမခံလုပ်ငန်းတစ်ခု ဖြစ်ပါသည်။ Chubb၏ မိခင်ကုမ္ပဏီဖြစ်သော Chubb Limited သည် နယူးယောက်စတော့အိတ်စ်ချိန်းတွင် စာရင်းဝင်သော ကုမ္ပဏီတစ်ခုဖြစ်ပြီး အမေရိကန်နိုင်ငံ၏ အကြီးဆုံး အများပိုင်ကုမ္ပဏီ (S&P500) စာရင်းတွင်လည်း ပါဝင်ပါသည်။

Chubb သည် ဇူးရစ်၊ နယူးယောက်၊ လန်ဒန်၊ ပဲရစ်နှင့် ကမ္ဘာတစ်ဝန်းတွင် ဝန်ထမ်းအင်အား ၃၀,၀၀၀ကျော်ဖြင့် စီမံခန့်ခွဲရေး ရုံးဌာနများ ဖွင့်လှစ်ထားရှိပါသည်။

Chubb သည် နိုင်ငံပေါင်း ၅၄နိုင်ငံတွင်လည်း စီးပွားရေးနှင့် ပုဂ္ဂိုလ်ရေးဆိုင်ရာအတွက် ပိုင်ဆိုင်မှုနှင့် မတော်တဆထိခိုက်မှု အာမခံ၊ ကိုယ်အင်္ဂါထိခိုက်မှု အာမခံ၊ ထပ်တိုးကျန်းမာရေးအာမခံ၊ တစ်ဆင့်အာမခံနှင့် အသက်အာမခံလုပ်ငန်းတို့ကို စီးပွားရေးလုပ်ငန်းအမျိုးမျိုးနှင့်လူတန်းစားမျိုးစုံတို့အတွက် ဝန်ဆောင်မှုပေးလျက်ရှိပါသည်။

Chubb Life သည် ဆယ်စုနှစ်ပေါင်းများစွာ လုပ်ကိုင်ခဲ့သော လုပ်ငန်းကျွမ်းကျင်မှုနှင့် အတွေ့အကြုံများကို ပေါင်းစပ်ပြီးအသက် အာမခံဝန်ဆောင်မှုများအား မြန်မာနိုင်ငံသားများထံ ယူဆောင်လာပါသည်။ လူပုဂ္ဂိုလ် တစ်ဦးချင်းစီ၊ မိသားစုတစ်စုချင်းစီနှင့် လုပ်ငန်းအရွယ်အစား အကြီးအသေးအလိုက် အကောင်းဆုံး အာမခံဝန်ဆောင်မှုများပေးပါသည်။

Chubb. Insured.[SM]

CMH01BSEB200001M